ထွက်ပါတယ်။ "ကမ္မဝဋ်" လည်အောင် . . . သူ့ရှေ့က "ဝိပါကဝဋ်" နဲ့ "ကိလေသဝဋ်" ကလည် ပေးရပါတယ်။ ကံဆိုတဲ့ စွမ်းအားထွက်အောင် လုပ်ပေးတာကတော့ "စေတနာ" ဖြစ်ပါတယ်။

ဒီပညာတွေဟာ . . . ဒီ ဒေသနာမှာပဲရှိပါတယ်။ ဒါတွေကို သဘောပေါက်အောင် နာယူထားတာလေးတွေကို စဉ်းစားပါ။ စဉ်းစားနိုင်မှ အဓိပ္ပာယ်ပေါ်ပါမယ်။ အဓိပ္ပာယ်ပေါ်မှ "ဘဝအဓိပ္ပာယ်" သိပါမယ်။ ဘဝအဓိပ္ပာယ်သိမှ "သံသရာ" အဓိပ္ပာယ်ကိုလည်း သိပါမယ်။ ဘဝအဓိပ္ပာယ် သံသရာ အဓိပ္ပာယ်ကိုလည်း သိပါမယ်။

ဘဝအဓိပ္ပာယ် သံသရာအဓိပ္ပာယ်ကိုသိဖို့အတွက် ဘုရားက . . . ဒီကံစွမ်းအား အကြောင်းကို သင်ပေးတာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ . . . ဒီလို သိမ်မွေ့တဲ့ ဓမ္မသဘာဝတွေကို သိပြီဆိုရင် . . . မိမိတို့ မြင့်သောဘဝ၊ မြတ်သောဘဝ ကိုဆောင်ရွက်ပေးနေတဲ့ . . . ကံစွမ်းအားအကြောင်းကို သိပါပြီ။ မြင့်သောဘဝ မြတ်သောဘဝသို့ တက်လှမ်းဖို့လည်း ဒီကံစွမ်းအား၊ နိမ့်သောဘဝကို ပို့ပေးတာလည်း ဒီကံစွမ်းအားပါပဲ။

မိမိကံကို မိမိဖန်တီးနိုင်တယ်ဆိုတာကိုသိပါပြီ။ ကျွန်တော်တို့ဟာ . . . တစ်ဆင့်ထက် တစ်ဆင့် မြင့်သောတရား မြတ်သောတရားများကို တိုးပွားအောင် အားထုတ်နိုင်ကြသော ပုဂ္ဂိုလ်ထူးများဖြစ်ကြပါစေ . . .

သာဓု . . . သာဓု . . . သာဓု . . .။



# "ကံစွမ်းအား"

ကျွန်တော်တို့ ဒီကနေ့ ၂၀၀၇ ခုနှစ်၊ ဧပြီလ (၂၄) ရက်၊ အင်္ဂါနေ့၊ ရန်ကုန်မြို့၊ အာဇာနည်လမ်း သာမဏေဗိမာန်တော်မှာ . . . (၂၅) ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" ဆက်လက်ပို့ ပို့ချပါမယ်။

ကျွန်တော်တို့ အခုလေ့လာနေတဲ့အကြောင်းအရာက ကျွန်တော်တို့မှာ တကယ် အဟုတ်ရှိနေတဲ့ ရုပ်ခန္ဓာအကြောင်း၊ နာမ်ခန္ဓာအကြောင်း . . . ဒီအကြောင်းတွေကို လေ့လာ ပါတယ်။ အဲဒီ ရုပ်-နာမ် (၂)ပါးတို့ရှိနေတာ အမှန်ဖြစ်သော်လည်း ရုပ်-နာမ် (၂)ပါးတို့ရဲ့ သဘာဝအမှန်ပေါ်မှာ . . . ဖုံးလွှမ်းနေတဲ့ "အစွဲ" . . . အဖွဲ့ကြီး ငါးမျိုးရှိနေပါတယ်။ အဲဒါကို "ပဉ္စဥပါဒါနက္ခန္ဓာငါးပါး" လို့ခေါ်ပါတယ်။

အစွဲအဖွဲ့ကြီးတိုးတက်နေပုံ၊ ဖြစ်ပေါ်လာပုံ၊ သဘောတွေကိုသိအောင် ကျွန်တော်တို့ လေ့လာနေကြပါတယ်။ မိမိတို့လျှောက်ခဲ့တဲ့ဘဝလမ်းခရီးမှာ . . . တွေ့ကြုံခဲ့တဲ့ အတွေ့အကြုံ တွေဟာ . . . တွေ့ပါ . . . မြင်ပါများတော့ . . . "စွဲ" လာပါတယ်။ အဲဒီသဘောကို သေသေ ချာချာစဉ်းစားဖို့လိုပါတယ်။

တွေ့တာ၊ မြင်တာများတာတွေ၊ တွေ့တာ . . . ကြားတာတွေ . . . စွဲနေတယ်။ "အရသာ" တွေစွဲနေပါတယ်။ "အနံ့တွေ" လည်းစွဲနေပါတယ်။ အတွေ့တွေလည်းစွဲနေပါ တယ်။ အဲဒီအစွဲအဖွဲ့ငါးခုကို ပိုင်းခြားပြီးလေ့လာတဲ့အခါကျတော့ . . . အစွဲတွေကစွဲပြီး နေရုံတင်မကဘူး . . . ဒီအစွဲတွေအဟုတ်တကယ်ရှိလို့ ယုံလာပါတယ်။

အဲဒါလိုစွဲထားတဲ့အစွဲတွေဟာ "အဟုတ်တကယ်ရှိတဲ့အရာတွေ" လို့ ယုံနေတာ ဖြစ်ပါတယ်။

အဲဒါဟာ . . . "ယုံကြည်မှုအစွဲ" ဖြစ်ပါတယ်။ အဲဒါကတစ်ပိုင်းပါ။ ပြီးတော့ . . . မိမိကိုယ်တိုင်တွေ့ကြုံထားတဲ့ "ခံစားမှု" အမျိုးမျိုးတွေပေါ်မှာ . . . ကြိုက်နေတဲ့အစွဲ . . . မကြိုက်တဲ့အစွဲ . . . အဲဒီအစွဲတွေလည်းရှိနေကြပါတယ်။

အဲဒီအစွဲတွေနဲ့ပတ်သက်လို့ ဘယ်လိုသဘာဝရှိတယ်၊ သူတို့ဟာ ဘယ်ပုံဘယ်နည်း ချုပ်ကိုင်နေတယ်ဆိုတာကို သိဖို့လိုအပ်ပါတယ်။ အဲဒီမှာမှတစ်ဆင့်တက်ပြီး စဉ်းစားရမယ့် အချက်ရှိပါတယ်။

အစွဲအားလုံးဟာ . . . အကုန်လုံးဥပါဒါန်ဆိုပြီးတော့ . . . သူတို့ဟာ အပြစ်များတယ် လို့ချည်းပဲမှတ်ယူနေကြပါတယ်။ အမှန်စင်စစ်က ဒီအစွဲတွေထဲမှာ . . . ဒီလိုတွေ့ကာ. . . မြင်ကာ . . . မတွေ့နဲ့ . . . တွေ့တာ . . . မြင်တာကို စွဲနေမှတ်နေတဲ့သဘောက ဘယ်အရွယ် ကလဲဆိုရင် . . .

ငယ်စဉ်တောင်ကျေး ကလေးဘဝက . . . ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းက . . . ပြောသမျှ . . . ပတ်ဝန်းကျင်မှာ မြင်သမျှ . . . အဲဒီဟာတွေကို ထပ်တလဲလဲတွေ့ကြုံလာရလို့ "ယုံကြည်မှုအဖြစ်" နဲ့ စွဲသွားရတာလည်းရှိတယ်။ အဲဒါကတစ်ပိုင်းပါ။

နောက် . . . ကျောင်းကိုရောက်တော့ စာတွေသင်ရတယ်။ ပညာရပ်တွေလည်း အဆင့်ဆင့်တိုးပွားလာရပါတယ်။ အဲဒီဟာတွေကလည်း "စွဲ" ပါတယ်။ "စွဲ" မှ ဒီပညာက အသုံးချလို့ရပါတယ်။ ဒါကလည်းတစ်ပိုင်းပါ။

ဒီတော့ . . . အစွဲကိုပြန်ခွဲကြည့်ရင် . . . ပညာနဲ့ဆင်ခြင်၍သင်ယူထားတဲ့ဟာတွေ ကို မှတ်မိနေတာလည်း "စွဲ" ပါတယ်။ ပညာမပါဘဲ . . . ကလေးဘဝနဲ့ . . . အစကတည်းက တွေ့ခဲ့၊ ကြုံခဲ့၊ ခံစားခဲ့တာတွေအပေါ်မှာ "စွဲ" တာလည်း ရှိခဲ့ပါတယ်။

အဲဒီအစွဲ (၂) မျိုးကိုခွဲခြားသိရပါမယ်။ ပညာနဲ့သင်ယူထား၍သိနေသော "အစွဲ" က တစ်မျိုး . . . ပညာမပါဘဲ ကလေးဘဝကတည်းက ပတ်ဝန်းကျင်နှင့် ဆက်သွယ်ပြီးတော့ ပတ်ဝန်းကျင်ကပေးတဲ့အတိုင်း ယူထားတဲ့ . . . အသိ "အစွဲ" တွေက တစ်မျိုး . . . ဆိုပြီး (၂) မျိုး ဖြစ်လာပါတယ်။

အခုဒေသနာမှာပါတဲ့ အကြောင်းအရာတွေက အဓိကအားဖြင့် ယုံထားတဲ့သဘော တွေကလည်း "စွဲ" နေတယ်။ အဲဒီလို ယုံထားတဲ့အရာအမျိုးမျိုးရှိတဲ့အထဲက . . . "ငါ" အဟုတ်ရှိတယ်လို့ ယုံထားတဲ့ "ယုံကြည်မှု" အစွဲက . . . ယုံကြည်မှုအားလုံးထဲမှာ သူက ရှေ့ဆောင်ဖြစ်နေရပါတယ်။



နေပါတယ်။

အဲဒီသဘောကို သိပါမှ . . . ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ လို့ပြောနေတဲ့အထဲမှာ "စိတ်" လည်းရှိတယ်၊ "ရုပ်ခန္ဓာ" လည်းရှိတယ်။ သူတို့ (၂) ခုတွဲပြီးအလုပ်လုပ်တော့ . . . အလုပ်တွေ ဖြစ်လာပါတယ်။ အလုပ်လုပ်တဲ့အတွက် . . . အလုပ်စွမ်းအားတွေ ထွက်ပါတယ်။ အဲဒါကို "ကံစွမ်းအား" လို့ ခေါ်ပါတယ်။

အဲဒီ "ကံစွမ်းအား" ဟာ ဒီ "ခန္ဓငါးပါး" မှာပဲနေပါတယ်။ ဒီတော့ . . . "ခန္ဓာငါးပါး" နဲ့ "ကံစွမ်းအား" အဖွဲ့နဲ့ တွဲနေပါတယ်။ အဲဒါကို သေသေချာချာ နားလည်အောင်စဉ်းစားဖို့ လိုပါတယ်။

ကံဘယ်လိုဖြစ်လာတယ်၊ ကံစွမ်းအားရဲ့ အဓိပ္ပာယ်ဘယ်လိုရှိတယ် . . . ဆိုတာကို သိလာမှ ဘဝအကြောင်းကို သိလာပါမယ်။ ဗုဒ္ဓဒေသနာမှာသာ ဒီစွမ်းအားတွေအကြောင်းကို ပြောနိုင်ပါတယ်။

ကံစွမ်းအားတွေ ဘယ်ပုံဘယ်နည်းထွက်လာတယ်ဆိုတဲ့ ကံစွမ်းအားထွက်ပုံ အကြောင်းကို သဘောပေါက်အောင် ရှင်းပြခဲ့ပါပြီ။ ဒီတော့ "ကံစွမ်းအား" ထွက်ပုံအကြောင်း ကို ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပေးပါ။ မိမိမှာ ကံအားတွေ အမြဲတမ်း လွှမ်းခြုံနေပါတယ်။ အဲဒါတွေကို သိပါမှ ကံရဲ့ အဓိပ္ပာယ်ကိုသိမှာဖြစ်ပါတယ်။

ကျွန်တော်တို့ . . . ဒီအဓိပ္ပာယ်တွေကို ပိုင်းပိုင်းခြားခြားသိအောင်လုပ်ပါ။ ဒီခန္ဓာတွေကို ကံကတည်ဆောက်ပေးတာဖြစ်ပါတယ်။

ဒီခန္ဓာတွေရဲ့ အဓိပ္ပာယ်ကိုသိဖို့က . . . ကံ ကဘယ်ပုံ ဒီ "ခန္ဓာ" တွေကို ချုပ်ကိုင် ထားတယ်၊ အလုပ်လုပ်တယ် ဆိုတာကိုသိထားရပါမယ်။ ဒီအဓိပ္ပာယ်တွေသိမှ တစ်ဆင့် . . . တစ်ဆင့် . . . ဘဝခရီးကို ကံစွမ်းအားတွေက ဘယ်ပုံတိုက်တွန်းပြီးပို့နေတယ်ဆိုတာကို သိလာပါမယ်။ ကံ၏အဓိပ္ပာယ်ကိုသိပြီးမှ . . . တစ်ဘဝပြီး တစ်ဘဝ ကူးဆက်နေတဲ့ "ပဋိသန္ဓေ" အကြောင်းနဲ့ "သံသရာ" အကြောင်းကို သိမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ . . . ကျွန်တော်တို့ဟာ ဒီပညာတွေကို သင်ကြပါတယ်။

အခု ကံရဲ့အကြောင်းကိုသိပါပြီ။ "ကမ္မသတ္တိ" က . . . "ကမ္မဝဋ္ဋ" လည်းမှ . . .

ဟာ . . . "ကမ္မပထ" လို့ခေါ်တဲ့ HIGH SPEED REVOLUTION နဲ့ အလုပ်လုပ်နေတာပါ။ အလုပ်လုပ်တော့ "အရှိန်" ပါလာပါတယ်။ အဲဒါဟာ အလုပ်ရဲ့ "အရှိန်" ဖြစ်ပါတယ်။

စက်လည်တာနဲ့ "အရှိန်" က တခြားစီပါ။ စက်မလည်ပေမယ့်လည်း "အရှိန်" က ကျန်နေပါတယ်။ အဲဒီ သဘောလေးကို သေသေချာချာနားလည်အောင်စဉ်းစားပေးပါ။

အလုပ်ကို . . . "ကမ္မ" လို့ခေါ်ပါတယ်။ အဲဒီ "ကမ္မ" ကြောင့်ထွက်ပေါ်လာတဲ့ "အရှိန်" ကို "ကမ္မသတ္တိ" လို့ခေါ်ပါတယ်။

"ကမ္မသတ္တိ" ဆိုတာဟာ . . . "ကံ" ဖြစ်ပေါ်အောင် "စေတနာ" အလုပ်လုပ်လို့ ထွက်ပေါ်လာတဲ့ "သတ္တိ" ကို "ကမ္မသတ္တိ" လို့ခေါ်ပါတယ်။

အဲဒီဟာကို ဉာဏ်ကရောက်အောင် သေသေချာချာစဉ်းစားပါ။ ဉာဏ်နဲ့ဆင်ခြင်ပါ။ အရှိန်နဲ့ လုပ်တဲ့ "ကမ္မ" က. . . "ကမ္မသတ္တိ" ထွက်ပါတယ်။ "ကံစွမ်းအား" ထွက်ပါတယ်။

"စေတနာ" ဆိုတဲ့စွမ်းအားနဲ့ "စိတ်" ကအလုပ်လုပ်လိုက်လို့ရှိရင် . . . "ကမ္မပထ" မြောက်ပြီဆိုရင် . . . "ကမ္မသတ္တိ" ထွက်လာပါတယ်။ အဲဒီလို . . . "ကမ္မသတ္တိ" ထွက်တယ် ဆိုတဲ့သဘောကို သေသေချာချာနားလည်အောင် စဉ်းစားရပါမယ်။

"ကံစွမ်းအား" ဘယ်ပုံထွက်ပေါ်လာတယ်ဆိုတာဟာ . . . PROCESS လို့ခေါ် ပါတယ်။ ဖြစ်စဉ်ကို သိရပါမယ်။ "ဝဋ်သုံးပါး" လည်တဲ့နေရာမှာ "ဝိပါကဝဋ်" က "ကံစွမ်းအား" မထုတ်နိုင်ပါဘူး။ "ကိလေသဝဋ်" ကလည်း မထုတ်သေးပါဘူး။ "ကမ္မဝဋ်" ကျမှ "ကံစွမ်းအား" ထုတ်ပါတယ်။ စေတနာအားကြောင့် "ကံစွမ်းအား" ထွက်လာရခြင်းဖြစ်ပါတယ်။

ဒီလိုထွက်လာတဲ့ ကံစွမ်းအားဟာ . . . ဘယ်မှာနေပါသလဲဆိုရင် . . . ဟောဒီ "ခန္ဓာငါးပါး" မှာပဲ ဝန်းရံနေပါတယ်။ ဒီလို ဝန်းရံနေတဲ့ ကံစွမ်းအားက "အဝင်" သဘောနဲ့ ဝင်လာရပါတယ်။ ဒီ "ကံစွမ်းအား" အဆောက်အဦကြီးထဲကို "ကံအားတွေ" ဝင်လာတာ ဖြစ်ပါတယ်။

ကမ္မဝဋ်မှာ . . . အလုပ်တွေ "ကမ္မပထ" မြောက်အောင်လုပ်လိုက်တိုင်း . . . "ကံစွမ်းအား" တွေထွက်ပါတယ်။ အဲဒီ "ကံစွမ်းအား" တွေက . . . ဒီ ခန္ဓာငါးပါးမှာပဲ စုဝေး



အဲဒီ "ငါ" ဆိုတာကို ထောက်ပံ့ဖို့အတွက် အမျိုးမျိုးသော အထောက်အပံ့တွေကို ရှာထားကြပါတယ်။

ပြီးတော့ . . . ပညာနဲ့ဆည်းပူးထားလို့ သိလာတဲ့အသိပညာတွေ၊ အတတ်ပညာ တွေကလည်း "စွဲ" ပါတယ်။ အဲဒီမှာ သေသေချာချာနှလုံးသွင်းရမှာက . . . သင်ယူထားသော . . . အသိပညာ၊ အတတ်ပညာတွေဟာ . . . ဘဝခရီးကိုလျှောက်ရာမှာ . . . အသုံးပြုဖို့ အတွက် သင်ယူထားရခြင်း ဖြစ်ပါတယ်။

အသုံးပြုဖို့အတွက်ဆိုတာဟာ "အသုံးဝင်တာ" ပါ။ "အသုံးဝင်တာ" ကို "USEFUL" လို့ ခေါ်ပါတယ်။ "အသိပညာ" တွေကို "KNOWLEDGE" လို့ခေါ်ပါတယ်။ ဒီတော့ . . . အဲဒါကို . . . USEFUL KNOWLEDGE လို့ခေါ်ပါတယ်။ အဲဒါတွေဟာ . . . မိမိဘဝခရီးမှာ . . . နေနိုင်အောင် အလုပ်လုပ်နိုင်အောင် . . . PROFESSIONAL EDUCATION တွေလာရပါတယ်။

အဲဒီလို မိမိတို့ စုပေါင်းထားတဲ့အသိတွေ၊ အတတ်တွေမြောက်မြားစွာဟာ . . . အဲဒီ အစွဲအဖွဲ့ကြီးထဲမှာ ပါဝင်နေကြပါတယ်။ အဲဒီ "အစွဲအဖွဲ့ကြီး"ရဲ့အကြောင်းကို ကွဲကွဲပြားပြား သိဖို့ လိုပါတယ်။

ရိုးရိုးတွေ့တာ-မြင်တာနဲ့ မှတ်ထားတဲ့ "အစွဲ" ရယ် . . . ။ ပညာနဲ့မှတ်ထားတဲ့ "အစွဲ" . . . တို့ဟာ တစ်ခုနဲ့တစ်ခု မတူကြပါဘူး။ အဲဒီသဘောတွေကို သေသေချာချာ ခွဲခြားကြည့်ပါ။ မိမိမှာရှိနေတဲ့ "အစွဲ" တွေမှာ . . . ပညာမပါဘဲနဲ့ စွဲတာတွေက အများကြီးရှိနေပါတယ်။ တစ်ခါ . . . ပညာနဲ့သေသေချာချာ လေ့လာထားလို့ . . . အသိပညာတွေ စွဲနေတာက တကဏ္ဍဖြစ်ပါတယ်။

အရေးကြီးတဲ့အချက်ရှိပါတယ်။ အခု . . . မိမိရဲ့ ခန္ဓာကိုယ်ကြီး . . . မိမိရဲ့ နာမ်ခန္ဓာ ဆိုတာက "စိတ်" ပါ။ အဲဒီမှာ စွဲနေတဲ့အစွဲလည်းရှိတယ်။ ဟောဒီကိုယ်ခန္ဓာကြီးက "ငါ့ကိုယ်ခန္ဓာ" . . . "ငါသိနေတာ ငါ့စိတ်" . . . ဆိုပြီးတော့ စွဲတဲ့အစွဲ . . . လည်းရှိပါတယ်။ အဲဒီအစွဲဟာ . . . ဘယ်ကဖြစ်လာတာလဲဆိုရင် . . . သိတတ်တဲ့အရွယ်လို့ ခေါ်ရတဲ့အချိန် က ပတ်ဝန်းကျင်နဲ့ မိမိဆက်သွယ်နိုင်တဲ့ အချိန် . . . အဲဒီပတ်ဝန်းကျင်ကပေးသမျှကို

အကုန်လုံးလက်ခံခဲ့ပါတယ်။ ပတ်ဝန်းကျင်က သင်ပေးတာတွေကို လက်ခံခဲ့ပါတယ်။ ပတ်ဝန်းကျင်က သင်ပေးတဲ့လမ်းစဉ်ကို "PROCESS" လို့ခေါ်ပါတယ် . . . အဲဒါကို သေသေချာချာ စဉ်းစားရပါမယ်။

အဲဒီမှာ . . . လူဖြစ်လာပြီး . . . အခု "ဗမာ" ဖြစ်လာတော့ ဗမာ့ပတ်ဝန်းကျင်မှာ နေရပါတယ်။ အမေကရော၊ အဖေကရော၊ အဖိုး၊ အဖွားကရော . . . ရှိနေတဲ့ပတ်ဝန်းကျင် အားလုံးမှာ . . . ဗမာတွေပဲဖြစ်ပါတယ်။ သူတို့မှာ . . . ဗမာတို့ တတ်ထားသောစကားရှိပါတယ်။ ဗမာတို့သိထားတဲ့ စာ၊ ဗမာတို့နေထိုင်တဲ့ ယဉ်ကျေးမှုတွေ ရှိကြပါတယ်။ သူတို့က အဲဒါတွေအားလုံး ဒီကလေးကို သင်ပေးကြပါတယ်။

သင်ပေးနေတဲ့ သူတို့ကိုယ်တိုင်မှာက "ငါ" အစွဲရှိနေကြပါတယ်။ သူတို့လည်း အဲဒီ "ငါအစွဲ" ကို ဘိုးဘွားစဉ်ဆက်က ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ သူတို့ကသင်ပေးတော့ . . . အသင်ခံရတဲ့ကလေးမှာလည်း "ငါအသိ" . . . "ငါအစွဲ" ရလာပါတယ်။ အဲဒီအချက်ကို သေသေချာချာနားလည်အောင်စဉ်းစားဖို့လိုပါတယ်။

ကလေးရဲ့စိတ်ထဲမှာ . . . သူဘာမှစဉ်းစားစရာလည်းမရှိဘူး၊ ဆင်ခြင်စရာလည်းမရှိဘူး . . . အမေ၊ အဖေ ပြောတာ . . . လူကြီးပြောတာ အားလုံးကို သူကလက်ခံထားလိုက်ရပါတယ်။ အဲဒီလို လက်ခံထားတဲ့အထဲမှာ . . . ဒီ "ငါအစွဲ" ကို ခိုင်သည်ထက်ခိုင်အောင် အထောက်အပံ့ပေးနေတာတွေက အများကြီးရှိလာပါတယ်။ "မြင်" တာကို . . . "ငါမြင်တယ်" လို့ ဘာသာပြန်တယ်။ "ကြား" တာကို . . . "ငါကြားတယ်" လို့ ဘာသာပြန်ရတယ်။ ဘာသာပြန်ဆိုတာဟာ . . . ဘာလုပ်တာလဲဆိုရင် ဟောဒီ . . . "ကိလေသဝဋ္ဋ" က အဓိပ္ပာယ် ဖော်ပေးနေတဲ့အချက်ကို ပိုပြီးနားလည်အောင်လို့ . . . "ဘာသာပြန်တယ်" လို့ ပြောရခြင်း ဖြစ်ပါတယ်။

အဲဒီလို . . . ပတ်ဝန်းကျင်က သင်ပေးထားတာတွေနဲ့ပဲ . . . ကြီးလာရပါတယ်။ သူဟာ မြန်မာဖြစ်လို့ . . . မြန်မာစကားပြောတတ်တယ်၊ မြန်မာစာတတ်တယ်၊ မြန်မာတို့၏ အလေ့စရိုက်ကိုသိတယ်၊ မြန်မာတို့နေတဲ့ အနေ၊ မြန်မာတို့စားတဲ့ အစား၊ မြန်မာတို့ ဝတ်တဲ့ အဝတ်နဲ့ နေလာရတော့ သူ့ကိုယ်သူ . . . "ငါမြန်မာ" ၊ "ငါဗမာ" လို့ ပြောလာပါတယ်။



မောင်းသွားနေပါပြီ၊ ဒီမော်တော်ကားကြီးရဲ့ စက်က . . . တွန်းပေးနေပါတယ်။ HIGH SPEED ခေါ်ပါတယ်။ HIGH SPEED ကိုပဲ "ကမ္မပထ စေတနာ" လို့ ခေါ်ပါတယ်။ အဲဒီမှာ . . . အလုပ်လုပ်ရင် အလုပ်ထဲမှာ . . . "အရှိန်" ပါပါတယ်။ အဲဒီ "အရှိန်" ကို သေသေချာချာ စဉ်းစားရပါမယ်။

အဲဒီမော်တော်ကားကြီးမှာ "အရှိန်" ပါပါတယ်။

ကားဟာ . . . တစ်နာရီကို မိုင် ၄၀ - ၄၅ နဲ့ မောင်းနေပါတယ်။ အဲဒီမှာ . . . အရှိန်၏ အဓိပ္ပာယ်ကို နားလည်အောင်လုပ်ရပါမယ်။ အခု . . . "စေတနာ" ဆိုတဲ့ တိုက်တွန်းတဲ့စိတ်ကလုပ်ပေးလို့ . . . "ကမ္မစက်ကြီး" က လည်နေရပါတယ်။ HIGH SPEED REVOLUTION ဖြစ်နေပါတယ်။

အဲဒီမောင်းနေတဲ့ မော်တော်ကားရဲ့ "ဂီယာ" ကိုဖြုတ်လိုက်ပါ။ ဂီယာ GEAR ကိုဖြုတ်လိုက်တော့ စက်ကတွန်းတဲ့အားမရှိတော့ပါဘူး။ ကားဟာ ပြေးနေတဲ့အရှိန်ကြောင့် ဆက်ပြီး ပြေးနေပါတယ်။ "စက်" ကိုပါရပ်လိုက်တယ် . . . ဒီလို စက်ကိုရပ်လိုက်ပေမယ့် မော်တော်ကား က မရပ်ပါဘူး "ဘရိတ်" BREAK မအုပ်တဲ့အတွက် မရပ်တာဖြစ်ပါတယ်။

ဒီလို . . . မရပ်ပဲနဲ့ . . . စက်ကမတွန်းပဲနဲ့သွားနေတာဟာ "အရှိန်" လို့ ခေါ်ပါတယ်။ သူကပြေးနေလို့ပါ။ "အရှိန်" ကို MOMENTUM လို့ခေါ်ပါတယ်။

ဟောဒီ "စေတနာ" နဲ့ အလုပ်တွေ လုပ်လိုက်တော့ ဘာဖြစ်လာသလဲဆိုရင် . . . "အရှိန်" ရှိလာပါတယ်။ "အရှိန်" နဲ့ "အလုပ်" ကိုကွဲကွဲပြားပြားသိအောင် လေ့လာပါ။ "အလုပ်လုပ်" တာကို ရပ်လိုက်ပေမယ်လို့ "အရှိန်" ကမရပ်ပါဘူး။

အဲဒီ "အရှိန်" ရဲ့ အစွမ်းဟာ . . . တကယ်ရှိပါတယ်။ တစ်နာရီ ၄၅ မိုင်နှုန်းနဲ့ မောင်းထားတဲ့ "ကား" ဟာ . . . "စက်ရပ်" ထားပေမယ့် . . . ဝင်တိုက်လိုက်ရင် လူသေသွားနိုင်ပါတယ်။ "အရှိန်" ဆိုတာ အဟုတ်တကယ်ရှိပြီးတော့ အဟုတ်တကယ် အလုပ် လုပ်ပါတယ်။

အခုပြောနေတာက . . . နာမ်ခန္ဓာထဲက "စေတနာ" ကိုပြောနေတာပါ။ "နာမ်ခန္ဓာ"

ကို "အဘိသင်္ခါရ" လို့ နာမည်ပေးပါတယ်။ ဒါကြောင့် . . . "သင်္ခါရ" နဲ့ "အဘိသင်္ခါရ" တို့ မတူတာကို သဘောပေါက်ပါပြီ။ လုပ်တဲ့စက်ချင်းလည်းမတူပါဘူး။ လုပ်တဲ့ နာမ်ဓာတ်ချင်းလည်းမတူပါဘူး။ "ဝိပါကဝဋ်" မှာ လုပ်တာက "စက္ခုဝိညာဉ်" ပါ။ "ကိလေသဝဋ်" မှာလုပ်တာက "မနောဝိညာဉ်" ဖြစ်ပါတယ်။ အဲဒီမှာတဆင့် တက်ကြည့်ပါမယ်။ "ကမ္မဝဋ်" မှာလည်း ဒီ "စေတာန" ပါပဲ။ "ကမ္မပထ" မြောက်တယ်ဆိုတာဟာ . . . ပါးစပ်နဲ့ပြောတယ် . . . လက်နဲ့ လုပ်တယ် . . . ဆိုတဲ့ အခြေအနေအထိရောက်သွားရပါတယ်။ ဒါဟာလည်း "စေတနာ" ကပဲ လုပ်ပေးနေရပါတယ်။ အဲဒီ "စေတနာ" ကျတော့ "ကမ္မပထစေတနာ" လို့ ခေါ်ပါတယ်။ ဒီ "စေတနာ" ဟာ . . . "အရှိန်အမြင့်ဆုံး" စေတနာဖြစ်ပါတယ်။ ဒါကြောင့်မို့ သူ့ကို "ကမ္မပထစေတနာ" လို့ခေါ်ရခြင်းဖြစ်ပါတယ်။

ဒီအကြောင်းအရာတွေကို သေသေချာချာသိအောင်လုပ်ပါ။ ကမ္မပထမြောက်အောင် လုပ်ပေးတာဟာ "စေတနာ" လို့ . . . သိဖို့အလွန်အရေးကြီးပါတယ်။ အဲဒီ "စေတနာ" က "ကမ္မပထမြောက်အောင်" လုပ်လိုက်တယ်ဆိုတော့ . . . "ကမ္မပထမြောက်" သွားပါပြီ။

အဲဒါဟာ ဘာနဲ့တူသလဲဆိုရင် . . . မော်တော်ကားအရှိန်မြင့်လာတဲ့အခါကျတော့ . . . ဂီယာထိုးပြီး လမ်းပေါ်မှာကားကိုမောင်းသွားရင် . . . အဟုတ်ခရီးရောက်ပါတယ်။ ပါဠိစကားမှာက . . . ခရီးကို "ပထ" လို့ခေါ်ပါတယ်။ အလုပ်ကို "ကမ္မ" လို့ခေါ်ပါတယ်။

အဲဒီမှာ . . . "ကမ္မပထ" မြောက်တယ်ဆိုတာဟာ . . . အလုပ်ဖြစ်မြောက်တယ်လို့ ပြောတဲ့သဘောဖြစ်ပါတယ်။ ဒီလို . . . အလုပ်ဖြစ်မြောက်တဲ့သဘောလေးကို သေသေချာချာ ကြည့်ပါ။

အဟုတ်အလုပ်ဖြစ်မြောက်အောင် . . . နာမ်ဓာတ်က "စေတနာ" က အဟုတ်အလုပ်လုပ်ပေးရပါတယ်။ သို့သော် သူဟာ အလွန်အရှိန်မြင့်လာပါတယ်။

"ဝိပါကဝဋ်" မှာရှိတဲ့ "စေတနာ" နဲ့ "ကိလေသဝဋ်" မှာရှိတဲ့ "စေတနာ"တို့ မတူကြပါဘူး။ "ကိလေသဝဋ်" မှာ "စေတနာ" အရှိန်တက်လာရပါတယ်။ "ကမ္မဝဋ်" ရောက်လာတော့ . . . အရှိန်က "အလွန်မြင့်" သွားပါတယ်။ အလုပ်လုပ်တာကတော့ "စေတနာ" ပါပဲ။

အဲဒီမှာ အရေးကြီးတဲ့ အချက်ရှိပါတယ်။ ဒီမော်တော်ကားဟာ . . . အရှိန်နဲ့



အဲဒါတွေဟာ . . . "အစွဲ" "ဥပါဒါနက္ခန္ဓာ" ထဲမှာ "ဒိအသိတွေ" ကို ထည့်ထားခဲ့လို့ . . . ဒီဘဝကို လျှောက်နိုင်တာပါ။

ဗမာတစ်ယောက်ဆိုတာဟာ . . . ဗမာလိုနေ၊ ဗမာလိုထိုင်၊ ဗမာလိုပြောပြီး နေနေရပါတယ်။ အဲဒီလို အစွဲအဖွဲ့ကြီးနဲ့ အလုပ်လုပ်နေရခြင်းဖြစ်ပါတယ်။ အဲဒီအစွဲအဖွဲ့ကြီးထဲကို ဒီအသိတွေ၊ ဒီအမှတ်တွေ၊ ဒီယုံကြည်မှုတွေဝင်လာအောင် ပတ်ဝန်းကျင်က ပြောပေးနေပါတယ်။

ဒီသဘောတရားဟာ . . . ဒီမြန်မာနဲ့ မြန်မာကလေးလေးတွေ . . . မြန်မာဖြစ်လာအောင်လုပ်ပေးသလို . . . အိန္ဒိယပြည်က ကုလားအသိုင်းအဝိုင်းကလည်း ကလေးလေးတွေကို ကုလားဖြစ်အောင်၊ တရုတ်ပြည်က ကလေးတွေကိုလည်း တရုတ်ဖြစ်အောင် လုပ်ပေးနေကြပါတယ်။

အဲဒါဟာ . . . လူဖြစ်အောင်လုပ်လာတဲ့ သဘောမှာ . . . "နာမ်ခန္ဓာ" လို့ခေါ်တဲ့ စိတ်၏ခန္ဓာထဲမှာ အသိအမှတ် အတွေ့အကြုံ အစွဲတွေနဲ့ဖွဲ့ထားရပါတယ်။ အဲဒီဟာတွေဟာ ဆင်ခြင်စဉ်းစားတဲ့ အတတ်ပညာပါလို့ မဟုတ်ပါဘူး။ တွေ့တာကို၊ မြင်တာကို မှတ်ထားတဲ့ သဘောပါ။ သေသေချာချာသိစေချင်တာက . . . "ငါ" ဆိုသော "အစွဲ" ဟာ . . . ဒီကလေးလေးဟာ သိတတ်တဲ့အရွယ်ကတည်းက . . . အများပြောလို့ ငါဖြစ်လာရပါတယ်။

အဲဒီအချက်မှာ ပညာပါသောအစွဲနှင့် ပညာမပါသောအစွဲ (၂) ခု . . . ခြားနားပါတယ်။ "ငါ" အစွဲက ဘာမှမပါဘူး။ ပညာမပါပါဘူး။ ပတ်ဝန်းကျင်ကပေးလို့ "စွဲ" သွားရတာဖြစ်ပါတယ်။

အဲဒါကို သေသေချာချာ နှိုင်းယှဉ်ပြီးကြည့်ဖို့လိုပါတယ်။ ဘယ်လိုနှိုင်းယှဉ်ရမှာလည်း ဆိုရင် . . . အခု မျက်စိနဲ့ မြင်ထားတဲ့ . . . ကိုယ်ကိုယ်တိုင်ခြေထောက်နဲ့ နင်းထားတဲ့ မြေပြင်ကြီးရှိနေပါတယ်။ ဒီကမ္ဘာမြေပြင်ကြီးဟာ . . . ရိုးရိုးမျက်စိနဲ့ မြင်နေတာက . . . ကမ္ဘာဟာ . . . အပြားပါပဲ။ အဲဒီလို အပြားအတိုင်းမှတ်ထားရင် . . . ကမ္ဘာကို ပြားနေတယ်လို့ သိနေပါတယ်။

သို့ပေမယ်လို့ . . . ကျောင်းတက်ရလို့ ပညာတွေသင်ရာမှာ "ပထဝီပညာ" ကိုသင်ရပါတယ်။ အဲဒီပညာက . . . ကမ္ဘာဟာ အပြားမဟုတ်ဘူး . . . "အလုံးကြီး" လို့ပြော

လာပါတယ်။ အဲဒီကျတော့ . . . ဒီကျောင်းသားမှာ အမှတ်က (၂) မျိုးဖြစ်သွားပါတယ်။

တစ်မျိုးက . . . အစဉ်အလာ သိနဲ့ . . . အပြားဖြစ်နေတယ်။ ကျောင်းပညာက ပေးတဲ့ အသိက “အလုံး” ဖြစ်ပြန်တယ်။ အဲဒီကျောင်းကပေးတဲ့ အသိမှာဖြစ်တဲ့ “အလုံး” က ပညာနဲ့သင်ရတာပါ။ ပညာနဲ့သင်ရတာကတော့ သဘာဝနဲ့ကိုက်ညီအောင် သင်ခဲ့ရပါတယ်။ အဲဒီကျတော့ “အလုံး” နဲ့ “အပြား” နှစ်ခု ကွဲပြားသွားပါတယ်။ ပညာနဲ့ပြောသော “အလုံး” က ပိုပြီးတော့ အကြောင်းခိုင်လုံပါတယ်။ ရိုးရိုးသိထားတဲ့ ကမ္ဘာမြေအပြားက . . . မြင်ကာမတ္တနဲ့သိထားတာဖြစ်ပါတယ်။

အဲဒီသဘောလေးကို ရှင်းလိုက်ရင် . . . ရိုးရိုးသိထားသော အသိနှင့် ပညာနဲ့သိထားသော အသိ (၂) ခုတို့ ကွဲပြားနေပါတယ်။ အဲဒီသိပုံလေးကို ဉာဏ်ကရောက်အောင် စဉ်းစားရပါမယ်။

ကျောင်းကသင်လို့ “လုံးတယ်” ဆိုတဲ့ ကိစ္စဟာ မျက်စိနဲ့မြင်တာမဟုတ်ဘူး . . . ဉာဏ်ပညာနဲ့မြင်တာဖြစ်ပါတယ်။ သင်ထားတဲ့ ပညာနဲ့ ထောက်ဆပြီးကြည့်လို့ “လုံးတယ်” လို့ပြောရပါတယ်။

သို့သော် အခုခေတ်မှာ သိစရာ မြင်စရာ “တယ်လီဗေးရှင်း” TV တွေမှာ အာကာသသွားတဲ့ခရီးတွေကိုပြတော့ . . . TV မှာ အလုံးပုံကြီးကို မြင်ကြရတော့ ပိုပြီးထင်ရှားလာပါတယ်။ ခိုင်ခန့်လာပါတယ်။

ဒီတော့ သိရမယ့်အချက်က . . . ရိုးရိုးအစဉ်အလာက မှတ်ထားတဲ့ အပြားနဲ့ ပညာက ပြောတဲ့ အလုံး . . . (၂) ခုဟာ ကွာခြားသွားပါတယ်။ အဲဒီမှာ . . . နောက်ထပ်သိတဲ့ . . . “အလုံး” ဆိုတဲ့ အသိက “စွဲ” သွားပြန်ပါတယ်။ သူက အပြားအပေါ် လွှမ်းမိုးသွားပါတယ်။ ဘာကြောင့် လွှမ်းမိုးသွားတာလဲဆိုရင် . . . “ပညာ” ပါလို့ . . . လွှမ်းမိုးသွားတဲ့ အချက်ကို သိထားရပါမယ်။

ဒီကမ္ဘာမြေလုံးကြီးဟာ ဘယ်ကိုမှ မရွေ့ဘူး၊ တစ်သက်လုံးဒီမြေပေါ် မှာပဲ နေပါတယ်။ တည်လို့၊ ငြိမ်လို့ ဘယ်လိုမှ မလှုပ်ပါဘူး။ သို့ပေမယ့် အဲဒီပညာတွေက ပြောနေတာကတော့ . . . ဒီကမ္ဘာမြေကြီးက ငြိမ်နေတာမဟုတ်ပါဘူး။ ကမ္ဘာလုံးကလည်နေပါတယ်။ လူတို့ မျက်စိနဲ့



“သူ” လို့ သိလာတယ်။ “မောင်ဖြူ” . . . လို့ သိလာတယ်။ “မောင်ညို” . . . လို့ သိလာတယ်။ “ပုဂ္ဂိုလ်” . . . လို့ သိလာကတည်းက လည်တဲ့အရှိန်ကတက်ပါတယ်။ အဲဒီလို လည်တဲ့ အရှိန်တက်တဲ့သဘောလေးကို . . . “အဘိသင်္ခါရ” လို့ ခေါ်ပါတယ်။ “စေတနာ” ကလုပ်ပေးလို့ “အဘိသင်္ခါရ” ဆိုတဲ့ လည်တဲ့အရှိန်တက်ရခြင်းဖြစ်ပါတယ်။ “ဝိပါကဝဋ်” လည်တုံးက (မြင်စိတ်မှာ) စေတနာက . . . လုပ်ပေးတဲ့ “သင်္ခါရ” ပါ။

“ကိလေသဝဋ်” မှာကျတော့ စေတနာကလုပ်ပေးတဲ့ “အဘိသင်္ခါရ” ဖြစ်ပါတယ်။ အဲဒီမှာ . . . အလုပ်တွေဖြစ်အောင်လုပ်ပေးတော့ . . . အဲဒီအလုပ်တွေ . . . အလုပ်ဖြစ်ပါတယ်။ မနောကံက ခိုင်းလိုက်တော့ “ဝစီကံ” တွေ “ကာယကံ” တွေ အလုပ်ဖြစ်လာပါတယ်။ အဲဒါဟာ . . . “ကမ္မ” တွေဖြစ်တယ်လို့ ပြောပါတယ်။

“ကမ္မလမ်းကြောင်း” ကို “ကမ္မပထ” လို့ခေါ်ပါတယ်။ “ကမ္မပထမြောက်တယ်” ဆိုတာ . . . “အလုပ်ဖြစ်တယ်” လို့ ပြောတာပါ။ “ဝစီကံ” ဖြစ်တယ်၊ “ကာယကံ” ဖြစ်တယ်။ ဒါဟာ “မနောကံ” ကလုပ်ပေးလို့ . . . အဲဒီကံတွေဖြစ်ရပါတယ်။ အဲဒီလို . . . “ကမ္မပထ” နဲ့လုပ်တဲ့ စေတနာဖြစ်လာတယ်။ အဲဒီ “စေတနာ” ကျတော့ အရှိန်အလွန်မြင့်ပါတယ်။ ဒီ “အဘိသင်္ခါရ” ထက် အလွန်အရှိန်မြင့်ပါတယ်။ တကယ်တော့ ဒီ “ကမ္မပထ” လည်း အဘိသင်္ခါရပါပဲ။ အဲဒါတွေကို နားလည်အောင် ဥပမာနဲ့တွဲပြီး ပြောပါမယ်။ မနက်မိုးလင်းလို့ရှိရင် “မော်တော်ကား” ရဲ့ ခလုပ်ကို နှိပ်ပြီးစက်ကိုနှိုင်းလိုက်ရင် . . . မော်တော်ကား စက်နိုးလာပါတယ်။ စက်နိုးနေတာကို သိနေပါပြီ။ “စက်” ဟာ မနိုးခင်တုံးက “သေ” နေပါတယ်။ ခလုပ်ကို နှိပ်လိုက်တော့မှ “နိုးလာ” ပါတယ်။ အဲဒီလို စက်ကလေးနိုးနေတဲ့ အခြေအနေမှာ . . . အဲဒီ “စက်လည်” နေတဲ့သဘောဟာ . . . “သင်္ခါရ” နဲ့ တူပါတယ်။

စက်ကလေးလည်နေရုံပါပဲ။ စက်လည်ပြီဆိုရင် “သင်္ခါရ” လုပ်နေပါပြီ။ LEVER ကို နင်းလိုက်တာနဲ့ တစ်ပြိုင်တည်းမှာ “စက်အရှိန်” မြင့်လာပါတယ်။ အဲဒီတော့ . . . ရိုးရိုးလည်တာနဲ့ စက်အရှိန်မြင့်တာတို့ မတူတာကိုသိပါတယ်။

အဲဒီလိုပဲ . . . “အဘိသင်္ခါရ” နယ် . . . ဒီကိလေသနယ်ထဲမှာရှိတဲ့ အလုပ်လုပ်တဲ့အခါကျတော့ . . . စက်လည်နှုန်းအရှိန်မြင့်လာပါတယ်။ အရှိန်မြင့်တဲ့ စက်လည်နှုန်း

အခု စက်ကသုံးခုမှာ . . . စက်တစ်ခုတိုင်း တစ်ခုတိုင်း လည်မှုစက်ကအလုပ်ဖြစ်ပါတယ်။

စက်မလည်ရင် အလုပ်မဖြစ်ပါဘူး။ အဲဒီစက် "လည်" ခြင်းကို "သင်္ခါရ" လို့ခေါ်ပါတယ်။ စက်လည်အောင် . . . စိတ်ထဲမှာ "စွမ်းအား" ပါမှ စက်ကလည်ပါတယ်။ စက်လည်အောင်လုပ်ပေးတဲ့ စိတ်ထဲက "သဘာဝအား" ရှိပါတယ်။

ဒီသဘာဝအားကို "စေတနာ" လို့ခေါ်ပါတယ်။ အဲဒီ "စေတနာ" က အလုပ်လုပ်လို့ စက်ကလည်ရခြင်းဖြစ်ပါတယ်။ အခု "ဝိပါကစက်" လည်အောင်လည်း "စေတနာ" ကလုပ်ပေးပါတယ်။

ဟောဒီ "မနောဝိညာဉ်" ဖြစ်အောင်လည်း "စေတနာ" က (ကိလေသစက်) မှာလုပ်ပေးရပါတယ်။ တစ်ခါ ကမ္မစက်လည်အောင် (မနောဝိညာဉ်) လည်း "စေတနာ" ကပဲလုပ်ပေးရပါတယ်။

ဒီတော့ . . . "စေတနာ" ဟာ စက်သုံးခုစလုံးမှာ ပါရပါတယ်။ "နာမ်ခဓာတ်" လည်အောင် "စေတနာ" က လုပ်ပေးနေတာဖြစ်ပါတယ်။ အဲဒီစက်သုံးခုမှာ ဟောဒါက . . . မြင်စိတ်၊ စက္ခုဝိညာဉ်၊ (ဝိပါကဝဋ်) မှာပါ။ ကိလေသဝဋ်ကျတော့ မနောသိညာဉ် ဖြစ်တယ်။ သူက အဓိပ္ပာယ်ဖော် (ဘာသာပြန်) ပေးနေပါတယ်။

စက်လည်တဲ့သဘောကို စဉ်းစားပါ။ စက်မှာ အရှိန်နှေးနှေးလည်တာလည်းရှိတယ်။ အရှိန်မြန်တာလည်းရှိတယ်။ အရှိန်အလွန်မြန်တာလည်းရှိတယ်။ အရှိန်တစ်ခုနဲ့တစ်ခုမတူကြပါဘူး။

"အား" နဲ့လုပ်ပေးနေတာဟာ "စေတနာ" ပါ။ သူကလည်အောင်လုပ်ပေးနေရပါတယ်။ ဒါပေမယ့် "ဝိပါကဝဋ်" ခေါ်တဲ့ မြင်စိတ်ဖြစ်အောင်လုပ်ပေးတာလည်း ဒီ "စေတနာ" ပါပဲ။

ဒါပေမယ့် "မြင်စိတ်" မှာ အလုပ်လုပ်တဲ့ စေတနာနဲ့ . . . "ဝိပါကဝဋ်" မှာဖြစ်တဲ့ "စေတနာ" တို့စွမ်းအားမတူကြပါဘူး။

ဝိပါကဝဋ်မှာက . . . လည်တဲ့ "သင်္ခါရ" ဟာ . . . ကိလေသာတွေနဲ့ပေါင်းပြီး "ဥပါဒါန်" တွေကလုပ်လိုက်တော့ . . . ဒီလည်တဲ့သဘောလေးဟာ . . . အရှိန်တက်လာပါတယ်။



ကြည့်လိုက်တော့ မနက်မိုးလင်းရင် အရှေ့ကနေထွက်တယ်၊ နေလုံးကြီးက ကောင်းကင်မှာဖြတ်သွားပြီး အနောက်နေဝင်သွားတာကိုပဲ မြင်နေပါတယ်။ အဲဒီလို အစဉ်အလာအတိုင်းမြင်တဲ့အကြောင်းအရာက သဘာဝမမှန်ပါဘူး။ ခြေထောက်နဲ့ နင်းထားတဲ့ မြေကြီးက . . . အနောက်ကနေပြီးတော့ အရှေ့ကို သွားနေရပါတယ်။ ကမ္ဘာဟာ (၂၄) နာရီ တစ်ပတ်လည်နေလို့ နေက ထွက်လိုက်၊ ဝင်လိုက် ဖြစ်နေရပါတယ်။

အဲဒီအကြောင်းအရာကို "ပညာ" က ရှင်းပြပေးနေပါတယ်။ မျက်စိနဲ့တကယ်မြင်တာက ဒီမြေကမ္ဘာဟာ ငြိမ်နေပါတယ်။ "ပညာ" က မငြိမ်ဘူး သွားနေတယ်လို့ပြောပါတယ်။

အခု . . . လည်နေတဲ့ ကမ္ဘာရဲ့ အဖြစ်ကို လက်ခံရပါတယ်။ ဒါဟာ ပညာကပြောသော "အမှန်သဘာဝ" ဖြစ်ပါတယ်။ "သွား" နေတာကို မျက်စိကမမြင်ပါဘူး။ ငြိမ်နေတာပဲမြင်ပါတယ်။ သို့သော် သွားနေတဲ့ သဘာဝကို ပညာကရှင်းပြတော့ . . . အဲဒါကိုပဲ လက်ခံလာရပါတယ်။

သိစေချင်တဲ့အချက်က . . . အစဉ်အလာက ပြောတာကိုမှတ်ထားတဲ့ အမှတ်နဲ့ပညာက ရှင်းပြတဲ့ အမှတ်မတူကြပါဘူး။ အဲဒီ (၂) ခုမှာ ပထမ ပညာမပါဘဲ မှတ်ထားတဲ့အမှတ်အပေါ်မှာ . . . ပညာနဲ့ သိသောအမှတ်က . . . ပညာပါ၍ လွှမ်းမိုးသွားတော့. . . လည်တယ်ဆိုတာကိုရော လုံးတယ်ဆိုတာကိုရော လက်ခံလာရပါတယ်။

အဲဒီအချက်ကို သေသေချာချာ လက်ခံထားပါ။ အစဉ်အလာက မှတ်ထားတဲ့ "အပြား" အစဉ်အလာက မှတ်ထားတဲ့ "အငြိမ်"၊ မလှုပ်ရှားဘူးဆိုတဲ့ သဘောတွေဟာ . . . ပညာနဲ့ကြည့်လိုက်တော့ မဟုတ်မမှန်ဘူးဆိုတာကိုသိရပါတယ်။ အဲဒီတော့ "မြင်" နေရတာက အပြားပါ။ "သိ" နေရတာက အလုံး ဖြစ်နေပါတယ်။ တစ်ခုနဲ့တစ်ခု "အသိချင်း" မတူပဲပြောင်းပြန်ဖြစ်နေပါတယ်။ ပြောင်းပြန်ဖြစ်နေတာကို မှတ်ထားတဲ့အမှတ်၊ ပြောင်းပြန်ဖြစ်နေတာကို ယုံကြည်တဲ့ ယုံကြည်မှု၊ စာဖြင့်ရေးပြရရင် . . . ပြောင်းပြန်ဖြစ်နေတာကို . . . "ဝိပလ္လာသ" ပါ။ အဲဒီလို မှတ်ထားတာတွေ ပြောင်းပြန်ဖြစ်တာကို "သညာဝိပလ္လာသ" လို့ခေါ်ပါတယ်။

အစဉ်အလာက ကိုယ်မှတ်ထားတာနဲ့ ပညာကပြောတာတို့ (၂) ခုကွဲပြားနေတာဟာ "ဝိပလာသ" ပါ။ စိတ်ထဲက "အသိ" ကွဲပြားနေတာကိုတော့ . . . "စိတ္တဝိပလ္လာသ" လို့ ခေါ်ပါတယ်။ ယုံကြည်မှုကွဲပြားနေတာ၊ အပြားကို ယုံထားတာကို "ဒိဋ္ဌိဝိပလ္လာသ" လို့ ခေါ်ပါတယ်။

အဲဒါတွေဟာ . . . နာမ်ခန္ဓာမှာ ရှေ့နောက်မညီ ဖြစ်နေသော သဘာဝကို နာမည်ခွဲခြားပြီးပြောခဲ့တာ ဖြစ်ပါတယ်။

အစဉ်အလာက မှတ်ခဲ့တဲ့ အမှတ်တွေ အစဉ်အလာကပေးလို့ ယုံကြည်ခဲ့တဲ့ ယုံကြည်မှုတွေ မိမိမှာ ရှိနေပါတယ်။ အခုပြောတဲ့ ယုံကြည်မှုတွေထဲမှာ "ငါ" ဆိုတာ အဟုတ်တကယ်ရှိတယ်လို့ ယုံနေပါတယ်။

"ငါ" . . . "အတ္တ" ၊ "ယုံတာ" . . . "ဒိဋ္ဌိ" ဒါကြောင့် ငါဆိုတဲ့ ယုံကြည်မှုဟာ "အတ္တ ဒိဋ္ဌိ" ဖြစ်ပါတယ်။ ဒီတော့ "ငါ" ဆိုတဲ့ ယုံကြည်မှုဟာ အဟုတ်ရှိနေပါတယ်။

အဲဒီမှာ . . . "ငါ" နဲ့ ပတ်သက်သော အကြောင်းအရာပညာရပ်ရှိတယ်ဆိုတာကို မသိကြပါဘူး။ အခုလို GEOGRAPHY (ပထဝီ) သင်ရတော့ . . . GEOGRAPHY ရှိမှန်း သိလာရပါတယ်။

GEOGRAPHY က . . . မြေဟာလုံးတယ်၊ လည်ပါတယ်လို့ ပြောလာတော့ . . . အဲဒီပညာရပ်က ရှင်းပြပေးလို့ နားလည်လာရတယ်။

အခုပြောနေတဲ့ ပညာရပ်က . . . ဘာအကြောင်းကို ပြောနေတဲ့ ပညာလဲ ဆိုရင် . . . "ငါ" ဆိုသော သဘာဝကို ပြောသော ပညာဖြစ်ပါတယ်။ အဲဒီပညာကို မသင်ဘူး သေးရင် "ငါ" ဆိုတာဟာ . . . "မြေပြားတယ်" . . . "မြေငြိမ်တယ်" . . . ဆိုတာကို ယုံထားသလိုပဲ . . . "ငါဆိုတာအဟုတ်တကယ်ရှိတယ်လို့" . . . ယုံနေပါတယ်။

ဘာဖြစ်လို့ ဒီလို ယုံရတာလဲ . . . "ပညာမသင်ဘူးခြင်းကြောင့် ယုံရတာဖြစ်ပါတယ်။ "ငါ" ဆိုသော အကြောင်းနှင့် ပတ်သက်သော ပညာကို မသင်ဘူးသေးလို့ ဖြစ်ရပါတယ်။ အခု ဒီဒေသနာက ငါဆိုသောအကြောင်းအရာကို စနစ်နဲ့သင်ပေးနေပါတယ်။ ဒီတော့ . . . "ငါ" ဆိုတဲ့ သဘာဝ ဒီနာမ်ခန္ဓာထဲဝင်လာရပုံ။ ကြီးထွားလာပုံ။ ခိုင်ခံ့လာပုံတို့ကို သိထားဖို့ လိုအပ်ပါတယ်။



"ကမ္မစက်ကလုပ်တဲ့အဆင့်" ဟူ၍ အဆင့် (သုံး) ဆင့်အလုပ်လုပ်ကြပါတယ်။ အဲဒီလို အလုပ် သုံးဆင့် လုပ်တဲ့သဘောကို ဉာဏ်နဲ့ဆင်ခြင်နိုင်ဖို့ ဒီပညာကို သင်ပေးနေရပါတယ်။ အဲဒီလို "မုန်းစိတ်" ပေါ်လာအောင် အဓိက "အစွဲဥပါဒါန်" လုပ်ပေးနေပါတယ်။ အဲဒီဟာကို သေသေချာချာနားလည်အောင် စဉ်းစားရပါမယ်။

"ငါမုန်းတယ်" ဆိုတာဟာ . . . စိတ်ထဲမှာဖြစ်နေတာပါ။ အလုပ်လုပ်တဲ့ ဝဋ်က . . . "ကမ္မဝဋ်" မှာ အလုပ်လုပ်ရပါတယ်။ မနောဝိညာဉ်မှာ အလုပ်လုပ်ရပါတယ်။ မုန်းစိတ်တွေ ဖြစ်နေတာကို မနောဝိညာဉ်ကလုပ်တော့ . . . သူ့ကို "မနောကမ္မ" လို့ခေါ်ပါတယ်။

စိတ်ထဲကနေမုန်းနေတဲ့သဘော ဖြစ်ပါတယ်။ အဲဒါဟာ . . . ကမ္မဝဋ်မှာအလုပ်လုပ် နေတာပါ။ "သူ" အသိ "ငါ" အသိနဲ့ အလုပ်လုပ်ကြပါတယ်။

"သူ" . . . "ငါ" . . . အသိဖြစ်လာအောင် ဥပါဒါန်က လုပ်ပေးတာဖြစ်ပါတယ်။ အဲဒါဟာ ကိလေသဝဋ်က လုပ်ပေးတာဖြစ်ပါတယ်။ ဒီ "မနောကမ္မ" ကအရှိန်ကပြင်းလာ ပါတယ်။ ဒီတော့ ပါးစပ်ကထုတ်ပြီး စကားလုံးတွေနဲ့ ပြောလာတယ်။ ရန်တွေ့ပါတယ်။ အဲဒါဟာ "ဝစီကမ္မ" ဖြစ်ပါတယ်။ အဲဒါတင်မကပဲ ကိုယ်ထိလက်ရောက်ပြုလုပ်လာရင် . . . "ကာယကမ္မ" လို့ခေါ်ပါတယ်။

အဲဒီ သုံးမျိုးကို "ကံသုံးပါး" လို့ခေါ်ပါတယ်။ ဒါဟာ ကမ္မသဝဋ်မှာ လုပ်တဲ့ "ကံသုံးပါး" ဖြစ်ပါတယ်။ ဒီလို ကံသုံးပါးဖြစ်လာအောင် "ကိလေသဝဋ်" ကတွန်းပေးနေရပါတယ်။

စက်သုံးခုလည်ရာမှာ . . . မြင်တဲ့စိတ်ကလေးက ရိုးရိုးပဲ . . . မြင်ရုံမြင်တာပါ။ မြင်တဲ့အရိပ်ပုံကို နောက်ကလိုက်ပါလာတဲ့ "ကိလေသဝဋ်" က "ဥပါဒါန်" ကို အခြေခံပြီး အဓိပ္ပာယ်ဖော်ပေးလိုက်ပါတယ်။ အဲဒီနောက် မုန်းတဲ့စိတ်ဟာ "မနောကံ" ထဲမှာ ဖြစ်ပေါ် လာပါတယ်။ ဒီနောက် ပါးစပ်ကထုတ်ပြောတဲ့အတွက် "ဝစီကံ" ဖြစ်လာပါတယ်။ ကိုယ်ထိ လက်ရောက်လုပ်ရင်တော့ "ကာယကံ" ဖြစ်သွားပါတယ်။

အဲဒီဟာတွေကို "ကံသုံးပါး" ဖြစ်တယ်လို့ခေါ်ပါတယ်။ သူတို့ဟာ "ကမ္မဝဋ်" မှာ လုပ်ကြရပါတယ်။ ဒီလို "စက်သုံးခု" လည်တာကို သေသေချာချာမြင်ပါပြီ။ ဒါဟာ "ကာယကံ၊ ဝစီကံ၊ မနောကံ" ဖြစ်ပုံဖြစ်ပါတယ်။ မနောကံက ဦးဆောင်ပြီး "ကာယကံ" "ဝစီကံ" တို့က နောက်ကလိုက်ဖြစ်ပေးရပါတယ်။

ပြီးတော့ . . . "ပုဂ္ဂိုလ်" လို့ပြောတယ်။ အဲဒါအပြင် . . . ဒီလူက . . . "မောင်ညို" လို့ဆက်ပြောရပါတယ်။ အဲဒါတွေကို "ကိလေသဝဋ်" မှ "မနောဝိညာဉ်" က အဆင့်ဆင့် အလုပ်လုပ်ပေးပုံဖြစ်ပါတယ်။

ငါမြင်တယ် . . .၊ ငါမြင်တာ . . . လူ. . .၊ ငါမြင်တာ . . . ပုဂ္ဂိုလ် . . .၊ ပုဂ္ဂိုလ်ရဲ့ နာမည်က . . . မောင်ညို ဆိုတဲ့ထိအောင် "မနောဝိညာဉ်" က တစ်ခုပြီးတစ်ခု အလုပ်လုပ်ပေးသွားပါတယ်။

ငါမြင်တယ်လို့လုပ်တဲ့ မနောဝိညာဉ်က သူ့ကိစ္စပြီးရင်ပြီးသွားရော. . . နောက်ထပ်ဆက်ပြီး "လူ" လို့ပြောတဲ့ မနောဝိညာဉ်က တစ်ခု၊ "ပုဂ္ဂိုလ်" လို့ပြောတဲ့ မနောဝိညာဉ်က တစ်ခု၊ "မောင်ညို" လို့ပြောတဲ့ မနောဝိညာဉ်ကတစ်ခု . . . အဆင့်ဆင့်နဲ့ "ကိလေသဝဋ်" ထဲမှာ လုပ်သွားကြပါတယ်။ ဒီ "မောင်ညို" တင်မကပါဘူး၊ ဒီ မောင်ညိုဟာ ဘယ်တုန်းက ငါ့ကိုဒုက္ခပေးတယ်၊ ဘယ်လိုအကျိုးမဲ့ဖြစ်အောင် မောင်ညိုက လုပ်ခဲ့တယ်ဆိုတာတွေပါ ပေါ်အောင်လုပ်ပေးပါတယ်။ အဲဒါဟာ "အစွဲ" ကလုပ်ပေးလို့ ပေါ်လာတာဖြစ်ပါတယ်။ ဒီအလုပ်တွေကို "ကိလေသဝဋ်" မှာ မနောဝိညာဉ်တွေက အလုပ်လုပ်ပေးတာဖြစ်ပါတယ်။

မောင်ညိုဟာ ငါ့ရဲ့အကျိုးစီးပွားကိုဖျက်တဲ့လူလို့ ပြောလိုက်တော့ မောင်ညိုဟာ "ငါ့ရန်သူ" ဖြစ်သွားပြန်တယ်။

အဲဒီလို အဆင့်ဆင့်လုပ်နေတဲ့စက်ကို "ကိလေသစက်" လို့ခေါ်ပါတယ်။ မနောဝိညာဉ်က . . . ဥပါဒါန်ကို အမှီပြုပြီးလုပ်ပေးနေတာဖြစ်ပါတယ်။

အစွဲတွေက ပြန်ပြောလိုက်လို့ . . . ငါ့ရန်သူဖြစ်လာရပါတယ်။ အဲဒါဟာ အဓိပ္ပာယ်ဖော်တာပါ။ အဲဒီလို အဓိပ္ပာယ်ပေါ်လာတော့ . . . အဲဒီပုဂ္ဂိုလ်နဲ့ တွဲပြီးဖြစ်လာတာက . . . "သူ့ကို . . . ငါမုန်းတယ်" . . . ဖြစ်ပါတယ်။

အဲဒီလို မုန်းတဲ့ကိစ္စ၊ ချစ်တဲ့ကိစ္စ . . . ကြိုက်တဲ့ကိစ္စ၊ မကြိုက်တဲ့ကိစ္စ . . . တွေလုပ်ပါတယ်။ အဲဒီလိုလုပ်တဲ့ အလုပ်တွေကို "ကမ္မ" လို့ခေါ်ပါတယ်။

ချစ်၊ မုန်း ကိစ္စလုပ်တာကို "ကမ္မဝဋ်" လို့ခေါ်ပါတယ်။ ဒါဟာ အလုပ်လုပ်ပုံ သုံးဆင့်ကို ပြောပြနေတာဖြစ်ပါတယ်။ "ဝိပါကစက်ကလုပ်တဲ့အဆင့်" "ကိလေသစက်ကလုပ်တဲ့အဆင့်"



"ငါ" ဆိုတာ . . . ဘယ်အချိန်က ဝင်လာပါသလဲ . . . "ကလေးဘဝ" ကတည်းက ဝင်လာပါတယ်။ ဒီလိုဝင်လာအောင် ပတ်ဝန်းကျင်က ပြုလုပ်ပေးကြပါတယ်။ ပတ်ဝန်းကျင်က လူတွေလည်း "ငါ" နဲ့ပဲ နေကြပါတယ်။

အဲဒီ "ငါ" ကို ပတ်ဝန်းကျင်က ဘာဖြစ်လို့ သင်ပေးလိုက်တာလဲဆိုရင် . . .

"ငါ" ဟာ USEFUL ဖြစ်တယ်။ အသုံးဝင်ပါတယ်။ "ငါ" မှမရှိရင် . . . "ဆက်သွယ်လို့မရတော့ပါဘူး" "ဆုံးမလို့လည်း မရတော့ပါဘူး" . . .

ဒါကြောင့်မို့ "ငါ" ကို (လိုအပ်ချက်အဖြစ်) သူတို့က သင်ပေးကြပါတယ်။ သူတို့လည်း အဲဒီလိုပဲ . . . အသင်ခံခဲ့ရပါတယ်။ ဒါပေမယ့် . . . သူတို့လည်း ဒီလို အသင်ခံခဲ့ရလို့ ဒီ "ငါ" ရောက်ရှိလာတယ် ဆိုတာ . . . သူတို့မသိကြပါဘူး။ နောက်ဖြစ်လာတဲ့ သားသမီးတွေကို သူတို့က "ငါ" ကိုထပ်ပြီး သင်ပေးနေပြန်ပါတယ်။

သူတို့ဟာ "ငါ" ဆိုသော သဘာဝ ဘယ်ပုံဖြစ်လာတယ်၊ သူဘယ်ပုံအုပ်စိုးတယ်၊ သူဘယ်လိုကြီးပွားတယ် ဆိုတဲ့ ပညာမျိုးကို သင်ခဲ့ကြပါသလားဆိုရင် . . . သူတို့မသင်ခဲ့ကြပါဘူး။

ဒီတော့ . . . သူတို့ဟာ . . . အစဉ်အလာက သိတဲ့အတိုင်းပဲ သင်ပေးလို့ . . . လူလေးတွေမှာ "ငါ" အသိက ထင်ရှားလာပါတယ်။ ထပ်တလဲလဲ ပြော၊ ထပ်တလဲလဲ ကြားနေရတော့ "ငါအသိ" က "စွဲ" လာပါတယ်။ ယုံပြီးတော့ စွဲလာခြင်းဖြစ်ပါတယ်။ အဲဒါ FORMATION OF SELF FORMATION OF EGO . . . လို့ ခေါ်ပါတယ်။ အဲဒါဟာ . . . "အတ္တ ဒိဋ္ဌိဥပါဒါန်" ပဲဖြစ်ပါတယ်။ အဲဒီ အဓိပ္ပာယ်ကို "ဒေသနာ" က "ပညာရပ်" အဖြစ်နဲ့ ခွဲခြမ်းပြီးသင်ပေးပါတယ်။ GEOGRAPHY က . . . ကမ္ဘာဟာ လုံးတယ်၊ လည်နေတယ်လို့ပြောပါတယ်။ အဲဒီလိုပဲ . . . "အတ္တ" ဆိုတာဟာ တကယ်အဟုတ်လား၊ တကယ် အဟုတ်မရှိဘဲနဲ့ လွှမ်းမိုးနေတာလားလို့ ပိုင်းပိုင်းခြားခြားသိဖို့အတွက် ဒေသနာက ဒီပညာကို သင်ပေးနေပါတယ်။

စွဲနေတဲ့ အစွဲကို "ဥပါဒါန်" လို့ခေါ်ပါတယ်။ အဲဒီ "ဥပါဒါန်" တွေထဲမှာ ယုံကြည်မှုတွေ အမျိုးစုံရှိပါတယ်။ ယုံကြည်တာတွေကို "ဒိဋ္ဌိ" လို့ခေါ်ပါတယ်။ အဲဒီ "ဒိဋ္ဌိ" နဲ့ "ဥပါဒါန်"

တွဲလိုက်တော့ . . . "ဒိဋ္ဌိ ဥပါဒါန်" ဖြစ်လာတယ်။ ယုံတာတွေစွဲနေတာဖြစ်ပါတယ်။ ဒီလို ယုံတာတွေစွဲနေတဲ့ အထဲမှာ "ငါ" လို့ ယုံနေတဲ့အစွဲကို "အတ္တဒိဋ္ဌိ ဥပါဒါန်" လို့ခေါ်ပါတယ်။ အဲဒါဟာ အရေးကြီးတဲ့ သဘာဝတစ်ခုဖြစ်ပါတယ်။ အဲဒါဟာ ပညာဖြစ်ပါတယ်။

ဒီအကြောင်းကိုသိအောင် "ပညာ" သင်ရပါမယ်။ ပညာတတ်လာမှ ဒီသဘာဝတွေကို သိမယ်။ အဲဒီဟာ ပြောင်းပြန်ဖြစ်နေပါတယ်။ "အဟုတ်ထင်ရှားမရှိသော သဘာဝကို ထင်ရှား ရှိတယ်လို့ ယုံနေပါတယ်။ အဲဒီလို ပြောင်းပြန်ဖြစ်နေတဲ့ သဘာဝကို "ဒိဋ္ဌိ ဝိပလ္လာသ" လို့ ခေါ်ပါတယ်။ ဒီတော့ "အတ္တ ဒိဋ္ဌိဥပါဒါန်" ဟာ "ဒိဋ္ဌိ ဝိပလာသ" ထဲမှာ ပါဝင်ပါတယ်။ ဒီသဘာဝတွေဟာ အလွန်နက်နဲသိမ်မွေ့ပါတယ်။ ဒါကြောင့်မို့ ပိုင်းခြားဝေဘန်တတ်သော ဉာဏ်ကိုရအောင် ကြိုးစားကြရမယ်။

အဲဒီပညာဟာ အခြားပညာတွေမှာမရှိပါဘူး။ ဒီဒေသနာမှာပဲ ရှိပါတယ်။ "ငါ" . . . "ငါ" . . . နဲ့ ဆိုနေတာဟာ "အစွဲ" သက်သက်ပါပဲ။ အဲဒီအစွဲကို ယုံကြည်နေတဲ့အစွဲလို့ ခေါ်ပါတယ်။ အဲဒီအစွဲဟာ မရှိသော သဘာဝကို အရှိလုပ်နေခြင်းကြောင့် ပြောင်းပြန်ယုံထားတာဖြစ်ပါတယ်။ အသိပြောင်းပြန်ဖြစ်နေတာ . . . စိတ္တဝိပလာသ၊ အမှတ်ပြောင်းပြန်ဖြစ်နေတာ . . . သညာဝိပလာသ၊ ယုံကြည်မှုပြောင်းပြန်ဖြစ်နေတာ . . . ဒိဋ္ဌိ ဝိပလ္လာသ အဲဒီ "အတ္တဒိဋ္ဌိဥပါဒါန်" ထဲမှာ အကုန်ပါပါတယ်။ အခုသေသေချာချာလေ့လာနေရပါတယ်။ အဲဒီ . . . "ငါအစွဲ" ပါ။ အဲဒါကို နားလည်အောင်စဉ်းစားရပါမယ်။ အဲဒီ . . . "အတ္တဒိဋ္ဌိဥပါဒါန်" ကြီးဟာ ဖွဲ့ထားတဲ့အဖွဲ့ကြီးဖြစ်ပါတယ်။ "အတ္တ" နဲ့တကွ အစွဲတွေဖွဲ့ထားတဲ့ အဖွဲ့ကြီးပါ။ အဲဒါကိုပဲ "ဥပါဒါနက္ခန္ဓာ" လို့ခေါ်ပါတယ်။

သိတာတွေကိုစွဲနေတာ . . . ဝိညာဏဥပါဒါနက္ခန္ဓာ၊ မှတ်တာတွေကိုစွဲနေတာ . . . သညာဥပါဒါနက္ခန္ဓာ၊ ခံစားတာတွေကိုစွဲနေတာ . . . ဝေဒနာဥပါဒါနက္ခန္ဓာ၊ အားထုတ်တာတွေကို စွဲနေတာ . . . သင်္ခါရ ဥပါဒါနက္ခန္ဓာ . . . ဒါတွေက အရင်းကိုသွားပြီးပြောလိုက်တော့ . . . တကယ်ရှိနေတဲ့ "ဥပါဒါနက္ခန္ဓာ" ကြီးရဲ့ ကျယ်ဝန်းပုံ၊ အလုပ်တွေလုပ်ပုံကို သဘော မပေါက်နိုင်ပါဘူး။ အတိုချုပ်ပြောနေလို့ ဖြစ်ပါတယ်။ တကယ်က အဟုတ်အလုပ်လုပ်နေတဲ့ အကြောင်းအရာကို ပြောရပါမယ်။ အခု မြင်သိ၊ ကြားသိ တွေက ဘယ်မှာဖြစ်တဲ့စက်လဲဆိုရင်



. . . "ဝိပါကစက်" မှာပဲ မြင်သိ၊ ကြားသိတွေ ဖြစ်ပါတယ်။ အဲဒီ မြင်သိ၊ ကြားသိတွေဟာ . . . ချက်ချင်း "ကိလေသဝဋ္ဋ" ထဲပြောင်းသွားတာနဲ့တစ်ပြိုင်တည်း . . . လူတိုင်းမှာ မှတ်ထားတဲ့အစွဲတွေဖြစ်တဲ့ "အတ္တဒိဋ္ဌိဥပါဒါန်" က အလုပ်လုပ်ပါတယ်။ အဲဒီ "အတ္တဒိဋ္ဌိ ဥပါဒါန်" က အလုပ်လုပ်တဲ့ဟာကို "ကိလေသစက်" လို့ခေါ်ပါတယ်။

အရိပ်ပုံလေးကို မြင်အောင်လုပ်ပေးတာဟာ "မြင်စိတ်" ဖြစ်ပါတယ်။ အဲဒီ မြင်တာကို ငါမြင်တယ်လို့လုပ်ပေးတာဟာ "ကိလေသဝဋ္ဋ" ကလုပ်ပေးတာဖြစ်ပါတယ်။ အဲဒီ "ကိလေသဝဋ္ဋ" ထဲမှာရှိတဲ့ AGENCY ဟာ "အတ္တဒိဋ္ဌိဥပါဒါန်" ဖြစ်ပါတယ်။ ဒီ "အတ္တဒိဋ္ဌိ ဥပါဒါန်" ကပဲ မြင်တယ်လို့ လုပ်ပေးလိုက်ပါတယ်။

ကိလေသဝဋ္ဋထဲမှာရှိတဲ့ ဒီလိုပြောင်းပေးတဲ့စိတ်ကို မနောဝိဉာဉ်လို့ ခေါ်ပါတယ်။

"ငါမြင်တယ်လို့" လုပ်တာက "မနောဝိညာဉ်" ဖြစ်ပါတယ်။ မြင်ကိစ္စဖြစ်အောင် သူ့ဟာသူဆောင်ရွက်တာကို "စက္ခုဝိညာဉ်" လို့ခေါ်ပါတယ်။ "စက္ခုဝိညာဉ်" က နောက်ထပ် ပြောင်းသွားတော့ . . . "ငါမြင်တယ်" ဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်လာအောင် "ကိလေသစက်" ကလုပ်တာပါ။ အတ္တဒိဋ္ဌိဥပါဒါန်က ခိုင်းလို့လုပ်လိုက်တော့ . . . မြင်တာကနေ "ငါမြင်တယ်" ပြောင်းသွားရပါတယ်။

ငါမြင်တယ် ဖြစ်အောင်လုပ်တာက "မနောဝိညာဉ်" ပါ မြင်ကိစ္စလေးကိုလုပ်ပေးတာက "စက္ခုဝိညာဉ်" ဖြစ်ပါတယ်။

အဲဒီ "အတ္တဒိဋ္ဌိဥပါဒါန်" ကပထမအဆင့် ငါမြင်တယ်လို့ ပြောင်းလိုက်တော့ . . . လုပ်ငန်းသဘောက ပြောင်းသွားပါတယ်။ မျက်စိက . . . ဒီပုံရိပ်ထဲမှာပါနေတဲ့ အရောင် အဆင်းပုံပန်းသဏ္ဌာန်၊ အထည်ကိုယ် တို့ကိုသာမြင်အောင်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ ငါမြင်တယ်လို့ဖြစ်လာအောင် "ကိလေသဝဋ္ဋ" ကလုပ်ပေးလိုက်တာပါ။ အဲဒီလိုလုပ်တဲ့ စိတ်ကို "မနောဝိညာဉ်" လို့ခေါ်ပါတယ်။ သူ့ကို အတွင်းစိတ်လို့လည်းခေါ်ပါတယ်။ အဲဒီမှာ . . . "ငါမြင်တယ်" လို့ ဆိုတာတင်မကဘူး . . . ငါမြင်တဲ့အဆင်းအာရုံပေါ်မှာ . . . ငါက တစ်ဆင့် ထပ်ပြီး . . . "လူ" ဖြစ်တယ်။ "လူ" တွေ အများကြီးထဲကမှ . . . "ဒါဟာ ပုဂ္ဂိုလ်" လို့ ပြောပြန်တယ်။ "လူ" လို့ ပြောတယ်။

## အတ္တဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

> သဗ္ဗာနိ စ   အပါယဂါမိနီကမ္မာနိ နာမ
> အတ္တဒိဋ္ဌိ ယာ   သတိယာ ဧဝ   အာပဇ္ဇတိ ၊
> အသတိယာ   န အာပဇ္ဇတိ ။

သဗ္ဗာနိ စ ............... အလုံးစုံလည်းဖြစ်ကုန်သော

အပါယဂါမိနီကမ္မာနိ နာမ................

အပါယ်သို့လားစေသော

ကံတို့မည်သည်ကား

အတ္တဒိဋ္ဌိ ယာ ................

အတ္တဒိဋ္ဌိသည် (ဝါ) မိစ္ဆာဒိဋ္ဌိသည်

သတိယာ ဧဝ ................

ရှိမှသာလျှင်

အာပဇ္ဇတိ ................

ရောက်ရ၏။

အသတိယာ ................

C D

L

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

**ဆရာကြီး ဦးဌေးအောင်**
**(မဟာသဒ္ဓမ္မဇောတိကဓဇ)**
၏

# (၂၅) ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၁၅) ကံစွမ်းအား . . . ( ၂၄ - ၄ - ၂၀၀၇ )

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C D